# Information Sheet



**Volume III, Issue 25** — **24 April 2023**


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေး | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၈ |
| ၄ | ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီအား လက်ခံတွေ့ဆုံ | ၉ |
| ၅ | ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၁ |
| ၆ | မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများဆွေးနွေး | ၁၃ |
| ၇ | ဇန်နဝါရီမှစတင်၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လျက်ရှိပြီး ဗီဇပြောင်းရောဂါပိုး XBB.1.16(Arcturus) ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း အသိပေးကြေညာခြင်း | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | လေဆင်နှာမောင်းနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် အိမ်ဆောက်ပစ္စည်းများထောက်ပံ့ပေးအပ် | ၁၅ |
| ၉ | ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဖိုရမ်ကျင်းပ | ၁၉ |
| ၁၀ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်ကြေညာ | ၂၀ |
| ၁၁ | The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ | ၂၀ |
| ၁၂ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၂၁ |
| ၁၃ | ထားဝယ်မြို့နယ်၌ PDF အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အမျိုးသမီး ၁ ဦးသေဆုံး | ၂၃ |
| ၁၄ | ပုသိမ်ကြီးမြို့နယ်၊ မြကန်သာကျေးရွာ၌ ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက် | ၂၃ |
| ၁၅ | သဃ်န်းကျွန်းမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦးအား PDF အကြမ်းဖက်သမားများက လုပ်ကြံပစ်ခတ်သတ်ဖြတ် | ၂၄ |
| ၁၆ | PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာနှင့် မြိုင်မြို့နယ်၊ မကြီးကန်ကျေးရွာတို့ရှိ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများနှင့် လူနေအိမ်များအကာကွယ်ရယူ၍ အကြမ်းဖက်မှုများ လုပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement-ROE) နှင့်အညီ ဆောင်ရွက် | ၂၆ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pr amudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဧပြီလ ၂၁ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင် လူကုန်ကူးမှုများ၊ မူးယစ်ကုန်သွယ်မှုများနှင့် လက်နက်ကုန်သွယ်မှုများပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၄-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်လူကုန်ကူးမှုများ၊ မူးယစ်ကုန်သွယ်မှုများနှင့် လက်နက်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၂၂ ရက်တွင် အဖွဲ့ဝင်များနှင့်အတူ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးကာ သေဆုံးခဲ့ရသည့် အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာမှ ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်းများကို လာမည့် ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင် ပြန်လည်တည်ဆောက်ပေးရန်၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးရန်နှင့် လူနေအိမ်များကိုလည်း အိမ်ရာကွက်စနစ်တကျ ပြန်လည်ဖော်ဆောင်၍ နေအိမ်များ ပြန်လည်တည်ဆောက်နေထိုင်နိုင်စေရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန်၊
- ကျေးရွာရှိ လေဘေးသင့်ပြည်သူများ လတ်တလော စားရေးအဆင်ပြေစေရေးအတွက်လည်း လိုအပ်သည်များကို ကူညီထောက်ပံ့ဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား အလေးထားမှာကြားခဲ့။
- လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြင်ကုန်းကျေးရွာစာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားခဲ့။
- နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၁၀၀၀)တွင် ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်နေမှု**

ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့။

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း ဧပြီလ ၂၁ ရက် ည ၆ နာရီ ၂၀ မိနစ်ခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အောင်မြင်ကုန်းကျေးရွာရှိ လူနေအိမ် ၁၅၅ လုံး၊ စာသင်ကျောင်း ၁ ကျောင်း၊ ကျေးလက်ဆေးပေးခန်း ၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၁ ကျောင်းနှင့် တံတားဦးကျေးရွာရှိ လူနေအိမ် ၇၇ လုံး၊ ဘုန်းတော်ကြီးကျောင်း ၁ ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေသခံပြည်သူ ၁၁၃ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် သေဆုံးသူ ၆ ဦးရှိပြီဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့သည့်ကျေးရွာများသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဒဏ်ရာရပြည်သူများအား နီးစပ်ရာဆေးရုံများသို့ ဆေးကုသမှုခံနိုင်ရေး ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၄-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးကာ သေဆုံးခဲ့ရသည့် အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာမှ ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့။**
- **လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်းများကို လာမည့်ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင် ပြန်လည်တည်ဆောက်ပေးရန်၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးရန်နှင့် လူနေအိမ်များကိုလည်း ပြန်လည်တည်ဆောက်နေထိုင်နိုင်စေရေး ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများအား လိုက်လံကြည့်ရှုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး (ကုတင်-၁၀၀၀)တွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**







## လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများနှင့် နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ဧပြီလ ၂၀ ရက်တွင် ကျင်းပခဲ့သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာတွင်-

- ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်တွင် ကျင်းပခဲ့သည့် "အထွေထွေညီလာခံ" တွင် "ကဆုန်လပြည့်ဗုဒ္ဓနေ့" ကို နိုင်ငံတကာဝိသာခါ အခါတော်နေ့ (International Vesak day or Visākha day)ဟု ဆုံးဖြတ်ချက်အမှတ် ၅၄/၁၁၅ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း။
- ကဆုန်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲအခမ်းအနားကျင်းပခြင်း၊ ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်း၊ ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်းစသည့် အခမ်းအနားများကို အပိုင်း (၅) ပိုင်းခွဲ၍ နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း။
- ဆပ်ကော်မတီများနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ကြရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့။

ထို့နောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုတ်သိမ်းလိုက်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၄-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကဆုန်လပြည့်နေ့တွင် ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းမည့် လှူဖွယ်ပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု

- ကဆုန်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်း၌ သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင် ရေသွန်းလောင်းပွဲ အခမ်းအနားကျင်းပခြင်း၊ ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်း၊ ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း စသည့် အခမ်းအနားများကို အပိုင်း (၅) ပိုင်းခွဲ၍ နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်။
- ဆပ်ကော်မတီများနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ကြရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်။

---

## ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီအား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းတို့သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာမန်ဂျူရူလ်ကရင်ခမ်ချောင်ဒရီ အား ဧပြီလ ၁၉ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၌ အသီးသီးလက်ခံတွေ့ဆုံခဲ့ကြပါသည်-

- **ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေနှင့် တွေ့ဆုံဆွေးနွေးရာတွင်** မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးမြှင့်တင်ရေး၊ နှစ်နိုင်ငံအကျိုးတူကဏ္ဍများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- **ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်နှင့် တွေ့ဆုံဆွေးနွေးရာတွင်** မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် နှစ်နိုင်ငံအကျိုးတူကဏ္ဍများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု

- **ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တွေ့ဆုံဆွေးနွေးရာတွင်** ရခိုင်ဒေသ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးနှင့် ပတ်သက်သည့်ကိစ္စများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ပြင်ဆင်ထားမှုများ၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဆေးပညာသင်ကြားရေး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ်ကရင်ခမ် ချောင်ဒရီတို့တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးမြှင့်တင်ရေးနှင့် အကျိုးတူကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု

# ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်တို့သည် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် Mrs. Pornpimol Kanchanalak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း ဧပြီလ ၂၁ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနတို့၌ အသီးသီးလက်ခံတွေ့ဆုံခဲ့ပါသည်။

- **နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင်လုပ်ငန်းများ အတူတကွတိုက်ဖျက်သွားရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- **အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးကဏ္ဍ၊ မြန်မာနိုင်ငံသို့ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Centre) မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား စီမံခန့်ခွဲရေးကိစ္စရပ်များအပြင် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရေးကိစ္စရပ်များအား နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- **နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်တွေ့ဆုံရာတွင်** နေပြည်တော်နယ်မြေအတွင်း စွန့်ပစ်ပစ္စည်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့။

တွေ့ဆုံပွဲများသို့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၄-၂၀၂၃)**



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံနေမှု

- ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံရာတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင်လုပ်ငန်းများ အတူတကွတိုက်ဖျက်သွားရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးကဏ္ဍ၊ စွန့်ပစ်ပစ္စည်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့။



နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဦးလွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံနေမှု

## မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဧပြီလ ၂၃ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai အား လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုအကျိုးရှိသော လက်တွေ့ကျသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍသတင်းအချက်အလက်များနှင့် နည်းပညာဖလှယ်ခြင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ အဆင့်မြှင့်တင်ခြင်းနှင့် မြန်မာ နိုင်ငံတွင် ပိုးမွှားကင်းစင်သန့်ရှင်းရေးဆိုင်ရာ အရည်အသွေးထိန်းချုပ်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် တည်ဆောင်ခြင်းလုပ်ငန်းဆိုင်ရာများ၊ ပုပ်သိုးလွယ်သည့် ကုန်စိမ်းပစ္စည်းများ အလျင်အမြန် တင်သွင်းတင်ပို့နိုင်ရေးနှင့် မြန်မာနိုင်ငံမှရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၄-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပုပ်သိုးလွယ်သည့် ကုန်စိမ်းပစ္စည်းများ အလျင်အမြန် တင်သွင်းတင်ပို့နိုင်ရေးနှင့် မြန်မာနိုင်ငံမှရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

## ဇန်နဝါရီမှစတင်၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိပြီး ဗီဇပြောင်းရောဂါပိုး XBB.1.16 (Arcturus) ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း အသိပေးကြေညာခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၀-၄-၂၀၂၃) ရက်နေ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံများနှင့် အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး XBB. 1.16 (Arcturus) ကူးစက်ဖြစ်ပွားမှုများရှိကြောင်း တွေ့ရှိရပါသည်။

### ပြည်သူလူထုသို့ အသိပေးတိုက်တွန်းနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေများကို စဉ်ဆက်မပြတ် လေ့လာဆန်းစစ်၍ လိုအပ်သည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏(၂၀-၄-၂၀၂၃)ရက်နေ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံ(၃၁)နိုင်ငံနှင့် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံအချို့တွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာပြီး ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး XBB. 1.16 (Arcturus) ကူးစက်ဖြစ်ပွားမှုများလည်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ်၊ ဧပြီလဆန်းမှစ၍ ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်ဖြစ်ပွားမှု အနည်းငယ်မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

၄။ ယခုအချိန်အထိ လေ့လာဆန်းစစ်မှုများအရ ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး XBB. 1.16 သည် ကူးစက်ဖြစ်ပွားမှုအားဖြင့် ယခင်တွေ့ရှိခဲ့သည့် မျိုးရိုးဗီဇပြောင်း ရောဂါပိုးများထက်(၁.၂၇)ဆအထိ ပိုမိုမြန်ဆန်သော်လည်း ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှု ပိုမိုမြင့်မားခြင်းမရှိကြောင်း၊ ကုသမှုတွင်လည်း လက်ရှိအသုံးပြုလျက်ရှိသော ဗိုင်းရပ်စ်ကုသဆေးဝါးများဖြင့် ကုသမှုပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ ရောဂါကာကွယ်ရေးအတွက်လည်း မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ထိရောက်မှုရှိပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှု၊ ရောဂါကြောင့် သေဆုံးမှုကိုလျှော့ချနိုင်ကြောင်း တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူလူထုအားလုံး (အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများနှင့် နာတာရှည် ရောဂါအခံရှိသူများ) အနေဖြင့် -

(က) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို အထူးဂရုပြုဆောင်ရွက်ကြပါရန်၊

(ခ) ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အဓိကကျသော ရောဂါကာကွယ်ရေးနည်းလမ်းများဖြစ်ကြသည့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်၊ လူထူထပ်သောနေရာများ၊ အလုံပိတ်နေရာများသို့ သွားရောက်ရာတွင် ပါးစပ်နှင့်နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်အသုံးပြုခြင်းတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန်၊

(ဂ) ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ဆက်သွယ်၍ လိုအပ်သည့်စစ်ဆေးကုသမှုကို ခံယူကြရန်၊

(ဃ) ရောဂါကူးစက်ဖြစ်ပွားသူများနှင့် ရောဂါသံသယလက္ခဏာရှိသူများအနေဖြင့် အခြားသူများကို ထပ်ဆင့်ကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာ၍ မိမိနေအိမ်တွင် အသွားအလာ ကန့်သတ်၍ နေထိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**(မြဝတီသတင်းစာ ၂၄-၄-၂၀၂၃)**

- **မျိုးရိုးဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1.16 သည် ယခင်တွေ့ရှိခဲ့သည့် မျိုးရိုးဗီဇပြောင်းရောဂါပိုးများထက် (၁.၂၇) ဆအထိ ပိုမိုမြန်ဆန်သော်လည်း ရောဂါလက္ခဏာများသည် ပိုမိုပြင်းထန်မှုမရှိ။**
- **ရောဂါကုသရာတွင် လက်ရှိအသုံးပြုလျက်ရှိသော ဗိုင်းရပ်စ်ကုသဆေးများဖြင့် ကုသပေးနိုင်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည်လည်း ရောဂါကာကွယ်ရေးအတွက် ထိရောက်မှုရှိ။**
- **ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူများနှင့် ရောဂါသံသယလက္ခဏာရှိသူများအနေဖြင့် ထပ်ဆင့်ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာပြီး မိမိနေအိမ်တွင် အသွားအလာကန့်သတ်၍ နေထိုင်ရန်လို။**

## လေဆင်နှာမောင်းနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် အိမ်ဆောက်ပစ္စည်းများထောက်ပံ့ပေးအပ်

လေဆင်နှာမောင်းနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံး၍ လူထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍-

- ဧပြီလ ၂၁ ရက်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့ရှိ လူနေအိမ်များ၊ သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူစုစုပေါင်း ၁၀၉ ဦးအားလည်းကောင်း၊
- ဧပြီလ ၂၂ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ ရပ်ကွက်(၉)ရပ်ကွက်နှင့် ကျေးရွာ(၉၄)ရွာတို့မှ လူနေအိမ်များနှင့် နတ်မောက်မြို့နယ်အတွင်းရှိ မြို့ပေါ်မှ ရပ်ကွက်(၇)ရပ်ကွက်နှင့် ကျေးရွာ ၂၀ ခုတို့မှ လူနေအိမ်များ၊ ဌာနဆိုင်ရာရုံးအဆောက်အဦ ၂ လုံး၊ လျှပ်စစ်မီးတိုင် ၉ တိုင်၊ ဝန်ထမ်းအိမ်ရာ ၂ ခန်း၊ သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများ ပျက်စီးပြိုကျခြင်းအားလည်းကောင်း၊
- အလားတူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကျေးရွာ၊ ဆူးကားကျေးရွာ၊ ဥဒေါင်းကျေးရွာ၊ သပြေသာကျေးရွာ၊ ပေါက်ဝဲကျေးရွာ၊ သရက်တစ်ပင်ကျေးရွာ၊ သပိတ်ကျင်းမြို့နယ်၊ ပေါက်တစ်ပင်ကျေးရွာများတို့ရှိ နေအိမ်များ အမိုးလန်၊ ပြိုကျပျက်စီးခြင်းအားလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး လေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့။

လေပြင်းတိုက်ခတ်သည့်နေရာများသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သွားရောက်၍ အမိုးလန်ပြိုကျနေသည့် စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် အဆောက်အဦများအား သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ လျှပ်စစ်မီးတိုင်များအား ပြန်လည်ထူထောင်ပေးခြင်း၊ စေတီတော်များ မြေခနေမှုအားသန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းစသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ယာ



**တာဝန်ရှိသူများက လယ်ဝေးမြို့နယ် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ ဘေးသင့်ပြည်သူများကို ထောက်ပံ့အားပေးနေမှု**



**လယ်ဝေးမြို့နယ်အတွင်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာများက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှု**

ယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီလ ၂၃ ရက်တွင် လယ်ဝေးမြို့နယ်အတွင်း လေဘေးသင့်ခဲ့သည့် တံတားဦးကျေးရွာသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေများနှင့် ကျန်းမာရေးသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပါသည်။ လေဘေးသင့်ခံခဲ့ရသည့် လယ်ဝေးမြို့နယ်၊ တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် ကိုယ်ဝန်ဆောင်များ၊ အသက် ၇၀ နှစ်နှင့်အထက် ဘိုးဘွားများ၊ အသက် ၅ နှစ်နှင့်အောက် ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို စာရင်းကောက်ယူ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀ နှုန်းဖြင့် ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၄-၂၀၂၃)**

## တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ






- နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအချို့၌ လေဆင်နှာမောင်းနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ်အဆောက်အဦများ ပြိုကျပျက်စီးခဲ့။
- တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လေပြင်းတိုက်ခတ်သည့်နေရာများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ။
- လေဘေးသင့်ခံခဲ့ရသည့် လယ်ဝေးမြို့နယ်၊ တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ ထိခိုက်လွယ်အုပ်စုဝင်များအား စာရင်းကောက်ယူ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀ နှုန်းဖြင့် ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်။

လေဆင်နှာမောင်းနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများအား
လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဖိုရမ်ကျင်းပ




မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bank of China (Hong Kong) Yangon Branch တို့ ပူးပေါင်းကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာဖိုရမ်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ဧပြီလ ၂၀ ရက်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ Bank of China (Hong Kong) Yangon Branch မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဖိုရမ်တွင် Bank of China (Hong Kong) မှ တာဝန်ရှိသူနှစ်ဦးက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ခြင်းဆိုင်ရာ အစီအစဉ်များ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးမူဘောင်နှင့် Bank of China (Hong Kong) ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့ကြရာ တက်ရောက်လာကြသည့်ဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များက အကြံပြု ဆွေးနွေးချက်များနှင့် သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၄-၂၀၂၃)**

- **မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bank of China (Hong Kong) Yangon Branch တို့ ပူးပေါင်းကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာဖိုရမ်တွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ခြင်းဆိုင်ရာ အစီအစဉ်များ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးမူဘောင်နှင့် Bank of China (Hong Kong) ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့။**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်ကြေညာ



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၆/ ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၊ အကွက်အမှတ် (၅) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၆/၂၀၂၃) ဖြင့် ဧပြီလ ၂၀ ရက်မှစ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ကြောင်း ပါတီမှတ်ပုံတင် အမှတ်စဉ် (၁) အနေဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များက မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/မရှိကို အဆိုပါ ပါတီဌာနချုပ်၌ ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၄-၂၀၂၃)**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဧပြီလ ၂၀ ရက်မှစ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ကြောင်း ပါတီမှတ်ပုံတင်အမှတ်စဉ်(၁)အနေဖြင့် ထုတ်ပြန်ကြေညာခဲ့။**

# The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၃ ရက်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ပါသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၄-၂၀၂၃)**



- The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၃ ရက်တွင် နေပြည်တော်သို့ ရောက်ရှိခဲ့။

## ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်




**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်နေမှု**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားများကို ကျင်းပခဲ့ရာ-

- ဧပြီလ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူးမြို့နယ်၊ ကသာမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့မှ KIA/PDF



**ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်နေမှု**

အဖွဲ့ဝင် အမျိုးသား ၇ ဦးနှင့် အမျိုး သမီး ၁ ဦးတို့အားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ PDF အဖွဲ့ဝင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၂ ဦးတို့အားလည်းကောင်း ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများအသီးသီးပေးအပ်ကာ ၎င်းတို့၏အုပ်ထိန်းသူ မိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားပြီး ဧပြီလ ၂၁ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၃၄၁ ဦးနှင့် အမျိုးသမီး ၇၉ ဦး စုစုပေါင်း ၄၂၀ ဦးရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၄-၂၀၂၃)**

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ KIA/PDF အဖွဲ့ဝင် အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ PDF အဖွဲ့ဝင် အမျိုးသား ၅ ဦးနှင့် အမျိုး သမီး ၂ ဦးတို့အားလည်းကောင်း ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။**
- **ဧပြီလ ၂၁ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၃၄၁ ဦးနှင့် အမျိုးသမီး ၇၉ ဦး စုစုပေါင်း ၄၂၀ ဦး ရှိပြီဖြစ်။**

## ထားဝယ်မြို့နယ်၌ PDF အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အမျိုးသမီး ၁ ဦးသေဆုံး

ဧပြီလ ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကျောက်မဲတောင်ကျေးရွာနေ ဒေါ်ခင်ပြုံးမြင့် (၆၅) နှစ်နှင့် ၎င်း၏မြေးဖြစ်သူ မသဲနုရွှေစင်(၁၅)နှစ်တို့သည် တောင်သုံးလုံးကျေးရွာနေ ကိုထွန်းမောင် (၃၉)နှစ် မောင်းနှင်သည့် Honda Fit အမျိုးအစားမော်တော်ယာဉ်ဖြင့် ထားဝယ်မြို့မှ ကျောက်မဲတောင်ကျေးရွာသို့ ပြန်လာစဉ် သရက်ငုတ်ကျေးရွာအနီးသို့အရောက်၌ PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မသဲနုရွှေစင်တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပါသည်။

PDF အကြမ်းဖက်သမားများသည် စစ်ရေးနှင့်မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများအပြင် ပြည်သူများ၏ကိုယ်ပိုင်အကျိုးစီးပွားယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်းနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကိုလည်း လုပ်ဆောင်နေသဖြင့် ၎င်းတို့လုပ်ရပ်များအား ပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာလျက်ရှိပါသည်။

ထိုသို့အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်အား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၄-၂၀၂၃)**

- **ထားဝယ်မြို့နယ်၌ PDF အကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသမီး ၁ ဦး ကျည်ထိမှန်သေဆုံးခဲ့။**

---


## ပုသိမ်ကြီးမြို့နယ်၊ မြကန်သာကျေးရွာ၌ ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

ဧပြီလ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြကန်သာကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် PDF အကြမ်းဖက်သမားများက သင်္ကန်းများဝတ်ဆင်၍ ရဟန်းသံဃာများ အယောင်ဆောင်ကာ Mazda Titan Truck အမျိုးအစား မော်တော်ယာဉ်ဖြင့်ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

PDF အကြမ်းဖက်သမားများသည် စစ်ရေးအရ တိုက်ခိုက်မှုများတွင် ထိခိုက်ဆုံးရှုံးမှု များပြားနေသဖြင့် မြန်မာလူမျိုးအများစု၏ ကိုးကွယ်ယုံကြည်ရာဖြစ်သော ဗုဒ္ဓဘာသာကို ခုတုံးလုပ်၍ သာသနာတော်ညှိုးနွမ်းပျက်စီးစေရန်အတွက် ဆင်ခြင်တုံတရားကင်းမဲ့စွာ ဘက်ပေါင်းစုံမှ အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် တိုးမြှင့်လုပ်ဆောင်လျက်ရှိပါသည်။

အဆိုပါ PDF အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ယခုကဲ့သို့ သာသနာကိုခုတုံးလုပ်ပြီး မြင့်မြတ်သော ရဟန်းသံဃာများဝတ်ဆင်သည့် သင်္ကန်းများကိုဝတ်ဆင်၍ ရဟန်းသံဃာအယောင်ဆောင်ကာ အောက်တန်းကျသော စိတ်ယုတ်စိတ်ဓာတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၄-၂၀၂၃)**




ဖြစ်စဉ်နေရာပြမြေပုံ

- **ပုသိမ်ကြီးမြို့နယ်၊ မြကန်သာကျေးရွာ၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား သင်္ကန်းများဝတ်ဆင်၍ ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့။**

---

## သဃ်န်းကျွန်းမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးအား PDF အကြမ်းဖက်သမားများက လုပ်ကြံပစ်ခတ်သတ်ဖြတ်

ဧပြီလ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးစိုင်းကျော်သူသည် ၎င်းပိုင်ဆိုင်သည့် Honda Odyssey မော်တော်ယာဉ်ဖြင့် ဇနီးဖြစ်သူအား ဆေးရုံသို့ လိုက်လံပို့ဆောင်ပြီး ဝေဇယန္တာရာလမ်းအတိုင်း နေအိမ်သို့ပြန်လာစဉ် ဝေဇယန္တာရာလမ်းနှင့် ရတနာလမ်းထောင့်သို့အရောက်၌ PDF အကြမ်းဖက်သမား ၂ ဦးက ၎င်း၏ မော်တော်ယာဉ်ရှေ့သို့ ဘက်ထရီစက်ဘီး ၁ စီးဖြင့် ရောက်ရှိလာကာ ပစ္စတိုသေနတ်များဖြင့် ၁၂ ချက်ခန့် ပစ်ခတ်သတ်ဖြတ်ပြီး ထွက်ပြေးသွားခဲ့ရာ အဆိုပါပစ်ခတ်မှုကြောင့် ဦးစိုင်းကျော်သူတွင် ယာနားထင်၊ ဝဲလည်ပင်း၊ ယာလက်ဖျံနှင့် ဝဲနံစောင်းတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ ဖြစ်စဉ်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးစိုင်းကျော်သူ၏ရုပ်အလောင်းအား သဃ်န်းကျွန်းမြို့နယ် စံပြဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရပါသည်။

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်နှင့် ပြည်သူလူထုအတွင်း အကြောက်တရားလွှမ်းမိုးစေရန်ရည်ရွယ်ချက်ဖြင့် ရဟန်းသံဃာများ၊ အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါသည်။

ယခုကဲ့သို့ ပြည်သူ့ဝန်ထမ်းကောင်းတစ်ဦး မမျှော်လင့်ဘဲအကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာမှုကြောင့် သေဆုံးခဲ့ရမှုအတွက် နိုင်ငံတော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် များစွာထိခိုက်နစ်နာဆုံးရှုံးခဲ့ရကြောင်းနှင့် အောက်တန်းကျသည့်လုပ်ရပ်အား လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မြေပြင်၌ စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၄-၂၀၂၃)**



PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ကြံပစ်ခတ်သတ်ဖြတ်ခံခဲ့ရသည့် ဦးစိုင်းကျော်သူ၏ မော်တော်ယာဉ်ပုံ



PDF အမည်ခံအကြမ်းဖက်သမားများ လုပ်ကြံပစ်ခတ်သတ်ဖြတ်မှုတွင် အသုံးပြုသည့် ကျည်ခွံများပုံ

- သဃ်န်းကျွန်းမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းကျော်သူအား PDF အကြမ်းဖက်သမား ၂ ဦးက ပစ္စတို သေနတ်များဖြင့် ၁၂ ချက်ခန့် ပစ်ခတ်ခဲ့ရာ အဆိုပါပစ်ခတ်မှုကြောင့် ဦးစိုင်းကျော်သူတွင် ယာနားထင်၊ ဝဲလည်ပင်း၊ ယာလက်ဖျံနှင့် ဝဲနံစောင်းတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ ဖြစ်စဉ်နေရာ၌ပင် သေဆုံးသွားခဲ့။

**PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာနှင့် မြိုင်မြို့နယ်၊ မကြီးကန်ကျေးရွာတို့ရှိ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများနှင့် လူနေအိမ်များအကာကွယ်ရယူ၍ အကြမ်းဖက်မှုများ လုပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement-ROE) နှင့်အညီ ဆောင်ရွက်**



**PDF အမည်ခံအကြမ်းဖက်သမားများက ပဇီကြီးရွာ၊ ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှု**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီး ကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်း တို့၏အကြမ်းဖက်ဌာနချုပ် NUG ရုံးတည်ဆောက်၍ ဧပြီလ ၁၁ ရက်တွင် ဖွင့်ပွဲပြုလုပ်ရန်စီစဉ်လျက်ရှိသဖြင့် အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူတို့၏ အချိန်နှင့်နေရာတိကျစွာ သတင်းပေးပို့လာမှုအရ တပ်မတော်က လေကြောင်းအကန့် အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းခဲ့မှုအား နိုင်ငံပိုင် နေ့စဉ်ထုတ် သတင်းစာများနှင့် ရုပ်မြင်သံကြားတို့မှ မြန်မာဘာသာ၊ အင်္ဂ လိပ်ဘာသာတို့ဖြင့် ဧပြီလ ၁၃ ရက်နေ့တွင် အပြည့်အစုံဖော် ပြခဲ့ပြီးဖြစ်သည်။

ဖော်ပြပါသတင်းများအရ ရောဝတီမြစ်အရှေ့ခြမ်းတွင် NUG အကြမ်းဖက်အဖွဲ့၏အရှေ့ဘက်ဌာနချုပ်အဖြစ် အခြေပြု ရန်ကြိုးပမ်းလျက်ရှိသော မန်ဝိန်း၊ စီသာ၊ မန်ခါး၊ စီသောင်၊ စီ မူလေး၊ စီမူကြီး၊ တုံးကောက်၊ ရွာသစ်ကုန်းနှင့် နမ့်လန်ကျေး ရွာများတစ်ဝိုက်ရှိ KIA ရင်း(၁၂)နှင့် PDF အမည်ခံ အကြမ်း ဖက်သမားများကို မတ်လ ၂၃ ရက်မှ ဧပြီလ ၈ ရက်အထိ စစ် ဆင်ရေးဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်အဖွဲ့များထံမှ အလောင်းနှင့် လက်နက်၊ ခဲယမ်းများသိမ်းဆည်းရမိခဲ့ပြီး ကျေး ရွာများအတွင်း ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကျေးလက် ဆေးပေးခန်းနှင့် လူနေအိမ်များတွင် ဘန်ကာများ၊ ပစ်ကျင်း များနှင့် မိုင်းအတားအဆီးများ ထောင်ထားခဲ့ကြောင်း တွေ့ရှိခဲ့ ရသည်။

ဆက်လက်၍ ဒေသခံပြည်သူတို့၏ သတင်းပေးပို့လာ မှုအရ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ များ၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ထပ်မံရောက် ရှိနေကြောင်း ဒေသခံတို့၏သတင်းပေးပို့မှုအရ ဧပြီလ ၂၀ ရက် တွင် တပ်မတော်စစ်ကြောင်းများဖြင့် သွားရောက်၍ လုံခြုံရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိ တွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ မြောက် ဘက်သို့ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါကျေးရွာ အနီးတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ ဝင်များက အသေးစိတ်ရှာဖွေစစ်ဆေးခဲ့ရာ ဘုန်းကြီးကျောင်း အုတ်တံတိုင်းအနီးမှ အကြမ်းဖက်သမားအလောင်း ၄ လောင်း၊ ကျည်အိမ် ၂ ခု၊ ၄၀ မမဖုံးသီး ၅ လုံး၊ သဲအိတ်ဘန်ကာများ၊ ကျောင်းခြံစည်းရိုးအနီး ဆက်သွယ်ရေးမြောင်းနှင့် ပစ်ကျင်း များ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ဆိုင်ကယ် ၇ စီး၊ လူနေတဲများ၊ ၁၂ ဗို့ကျည် ၁၀ တောင့်၊ မိုင်းရှာစက် ၁ လုံး၊ ဘက် ထရီ အိုးအကြီး ၃ လုံး၊ ပြောက်ကျားယူနီဖောင်းများနှင့် အခြား ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။



**PDF အမည်ခံအကြမ်းဖက်သမားများက ပဇီကြီးရွာ၊ စာသင်ကျောင်းဝန်းအတွင်း ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှု**

အလားတူ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်အတွင်း မကြီးကန်ကျေးရွာအနီးတစ်ဝိုက်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ရောက်ရှိနေကြောင်း ဒေသခံများကပင် သတင်းပေးပို့လာမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သွားရောက်တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါကျေးရွာ ကျေးလက်ဆေးပေးခန်းအတွင်းမှ အမ်-၂၂ ကျည်အိမ်မျိုးစုံ ၁၀ ခု၊ တရုတ်လက်ပစ်ဗုံးမျိုးစုံ ၁၈ လုံး၊ ဗုံးသီးမျိုးစုံ ၄ လုံး၊ ၁၂ ဗို့ကျည် ၃၀ တောင့်၊ ၅.၅၆ မမကျည် ၆၀၀ တောင့်၊ ၇.၆၂ မမကျည် ၁၀၀ တောင့်၊ ရိုင်ဖယ်ကျည် ၅၀ တောင့်၊ ကားမျိုးစုံ ၄ စီး၊ ဆိုင်ကယ်မျိုးစုံ ၂၀ စီး၊ ပြောက်ကျားယူနီဖောင်းများ ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ အဆိုပါကျေးရွာရှိ နေအိမ်များအတွင်းမှ လက်လုပ်ရှော့တိုက်ပြောင်း ၈ ခု၊ လက်လုပ်မိုင်းစုံ ၄၆ လုံး၊ ယမ်း ၈ ပိဿာ ၄ ထပ်၊ လက်တော့ပ် ၂ လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မှုအရ မြေပြင်တွေ့ရှိချက်များသည် တစ်ထပ်တည်းတွေ့ရှိရပြီး သတင်းပေးပို့လာသည့် အချက်အလက်များအတိုင်း အကြမ်းဖက်အဖွဲ့များသည် ကျေးရွာဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများအတွင်း ဘန်ကာများဆောက်လုပ်ခြင်း၊ ပစ်ကျင်းများ တူးထားခြင်း၊ ကျေးရွာပတ်လည်တွင် လက်လုပ်မိုင်းများဖြင့် အတားအဆီးပြုလုပ်ထားခြင်းများကို တွေ့ရှိရသည်။ ထို့အပြင် အကြမ်းဖက်အဖွဲ့များအနေဖြင့် ၎င်းတို့လှုပ်ရှားသွားလာမှုများတွင် အပြစ်မဲ့ဒေသခံ ရွာသူ/ရွာသားများကို အလှည့်ကျခေါ်ဆောင်လိုက်ပါစေပြီး တိုက်ပွဲဖြစ်ပွားချိန်များတွင် ရွာသူ/ရွာသားများကို လူသားတံတိုင်း (Human Shield)အဖြစ် အသုံးချလျက်ရှိကြောင်းကိုလည်း မြေပြင်တွေ့ရှိချက်များအရ ဖော်ထုတ်သိရှိရသည်။ ၎င်းတို့အသုံးချနေသော ရွာသူရွာသားများ ထိခိုက်သေဆုံးမှုရှိပါက တပ်မတော်အပေါ် မီဒီယာအရ ဝါဒဖြန့်မှုများဖြင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်လျက်ရှိသည်။

ထို့အပြင် အကြမ်းဖက်သမားများသည် ဧပြီလ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြကန်သာကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား မော်တော်ယာဉ် ၁ စီးပေါ်မှ သံဃာတော်များအသွင်ယူ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်သည် ပြည်သူလူထုအများစု ကိုးကွယ်ယုံကြည်အလေးထားသော ဘုန်းတော်ကြီးများ အသွင်ဟန်ဆောင်ကာ သာသနာ၏အမြတ်တနိုးတန်ဖိုးထားသော သင်္ကန်းကိုအသုံးချ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အငိုက်ဖမ်းတိုက်ခိုက်မှုသည် ပြည်သူလူထုတစ်လုံးအပေါ် စိတ်နှလုံးညှိုးနွမ်းစေရုံသာမက နိုင်ငံတကာတွင်လည်း နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာကျဆင်းစေသောလုပ်ရပ်ဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူလူထုနှင့် တပ်မတော်က လိုလားသော ထာဝရငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ၎င်းတို့၏ကိုယ်ကျိုးကို ရှေ့တန်းတင်လုပ်ဆောင်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အထောက်အပံ့များကို ရယူကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်

အလုမ်းကွာဝေးသောဒေသများတွင် ဒေသခံလူထုအား အနိုင်ကျင့်ခြိမ်းခြောက်၍ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းနှင့် လူနေအိမ်များတွင် သဲအိတ်၊ ဘန်ကာများ ဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးခြင်း၊ ပတ်ဝန်းကျင်တွင် လက်လုပ်မိုင်းအတားအဆီးများ ထောင်ထားခြင်းများ ပြုလုပ်လာခဲ့သည်။ ထို့အပြင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာ၌ ဘုရားကျောင်းကန်၊ ရဟန်းသံဃာနှင့် သီလရှင်များအပေါ်တွင်လည်း ရက်စက်ယုတ်မာမှုများလုပ်ဆောင်လာခဲ့ပြီး ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ သင်္ကန်းကို အသုံးချ၍ အကြမ်းဖက်မှုလုပ်ရပ်များကိုလည်း စက်ဆုပ်ရွံ့ရှာဖွယ် ပြုလုပ်လာကြောင်း တွေ့ရှိရသည်။ အဆိုပါ အများနှင့်သက်ဆိုင်သော စစ်ဘက်နှင့် မသက်ဆိုင်သည့် အဆောက်အဦနေရာများကို အသုံးချခြင်း၊ ပြည်သူများကို လူသားတံတိုင်းအဖြစ်အသုံးချခြင်းသည့် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ ယုတ်မာသော လုပ်ရပ်များနှင့်ပတ်သက်၍လည်း ၎င်းတို့အပေါ် ရွံ့မုန်းကြောက်ရွံ့နေသည့် ပြည်သူများအနေဖြင့် ရရှိသည့်အခွင့်အရေး အပေါ်မူတည်၍ သတင်းအချက်အလက်များကို လုံခြုံရေးတပ်ဖွဲ့များထံ အဆက်မပြတ် ပေးပို့လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ၏အသက်အိုးအိမ်စည်းစိမ်နှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ဥပဒေမဲ့လုပ်ရပ်များ ကျူးလွန်ကာ ပြည်သူအပေါ် နိုင်ထက်စီးနင်းအနိုင်ကျင့်သတ်ဖြတ်နေသော အကြမ်းဖက်အဖွဲ့များကို ဥပဒေနှင့်အညီ အင်အားအကန့်အသတ်ဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆင်နွှဲနေခြင်းဖြစ်သည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများတွင် လိုက်နာရသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ၊ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement- ROE)နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်နိုင်ရေး ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီသတင်းစာ ၂၂-၄-၂၀၂၃)**

- **PDF အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလုမ်းကွာဝေးသော ဒေသများတွင် ဒေသခံလူထုအား အနိုင်ကျင့်ခြိမ်းခြောက်၍ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းနှင့် လူနေအိမ်များတွင် သဲအိတ်၊ ဘန်ကာများ ဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးခြင်း၊ ပတ်ဝန်းကျင်တွင် လက်လုပ်မိုင်းအတားအဆီးများ ထောင်ထားခြင်းများ ပြုလုပ်လာခဲ့။**
- **အကြမ်းဖက်အဖွဲ့များအနေဖြင့် ၎င်းတို့လှုပ်ရှားသွားလာမှုများတွင် အပြစ်မဲ့ ဒေသခံရွာသူ/ရွာသားများကို အလှည့်ကျခေါ်ဆောင်လိုက်ပါစေပြီး တိုက်ပွဲဖြစ်ပွားချိန်များတွင် ရွာသူ/ရွာသားများကို လူသားတံတိုင်း (Human Shield) အဖြစ် အသုံးချလျက်ရှိကြောင်းကိုလည်း မြေပြင်တွေ့ရှိချက်များအရ ဖော်ထုတ်သိရှိရကာ ၎င်းတို့ အသုံးချနေသော ရွာသူရွာသားများ ထိခိုက်သေဆုံးမှုရှိပါက တပ်မတော်အပေါ် မီဒီယာအရ ဝါဒဖြန့်မှုများဖြင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်လျက်ရှိ။**
- **အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာ၌ ဘုရားကျောင်းကန်၊ ရဟန်းသံဃာနှင့် သီလရှင်များအပေါ်တွင်လည်း ရက်စက်ယုတ်မာမှုများ လုပ်ဆောင်လာခဲ့ပြီး ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ သင်္ကန်းကို အသုံးချ၍ အကြမ်းဖက်မှုလုပ်ရပ်များကိုလည်း စက်ဆုပ်ရွံ့ရှာဖွယ် ပြုလုပ်လာကြောင်း တွေ့ရှိရ။**
- **လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ၏အသက်အိုးအိမ်စည်းစိမ်နှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ဥပဒေမဲ့လုပ်ရပ်များ ကျူးလွန်ကာ ပြည်သူအပေါ် နိုင်ထက်စီးနင်းအနိုင်ကျင့်သတ်ဖြတ်နေသော အကြမ်းဖက်အဖွဲ့များကို ဥပဒေနှင့်အညီ အင်အားအကန့်အသတ်ဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆင်နွှဲနေခြင်းဖြစ်။**





PDF အမည်ခံအကြမ်းဖက်သမားများက ပဇီကြီးရွာ၊ ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှု



မြိုင်မြို့နယ် မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်း၌ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိမှု





မြိုင်မြို့နယ် မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်း ဝန်းအတွင်း၌
PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခဲ့သည့်နေရာ